Radio Free Asia

Burmese

2007.03.05

□□□□□□□□□□□ □□□□□□□□

မြန်မာနိုင်ငံအပေါ် အမေရိကန် သဘောထား RFA သို့ ပြောကြား

အသံ POD Podcasts RSS News Feeds

2007.03.02

အမေရိကန်ပြည်ထောင်စုမှာ ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ကျင်းပတဲ့ မြန်မာ့အရေး ဆွေးနွေးပွဲတခုအပြီးမှာ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတာတွေနဲ့ ပတ်သက်လို့ ပုံမှန်အခြေအနေအဖြစ် သဘောမထားနိုင်ဘူးလို့ RFA ကို ပြောဆိုပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ကျင်းပတဲ့ မြန်မာ့အရေး ဆွေးနွေးပွဲတခုအပြီးမှာ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘယ်ရီ လိုဝင်ခရွန်က RFA ကို ခုလို ပြောဆိုခဲ့တာပါ။ မစ္စတာ ဘယ်ရီ လိုဝင်ခရွန်ဟာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ အလုပ်သမားရေးရာဆိုင်ရာ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဖြစ်ပါတယ်။ မြန်မာ့အရေးနဲ့ ပတ်သက်လို့ RFA ရဲ့ မေးမြန်းချက်ကို သူက ခုလို ဖြေပါတယ်။

ဘယ်ရီ လိုဝင်ခရွန်။ ။ မြန်မာနိုင်ငံရဲ့ အခြေအနေကို ပုံမှန်အခြေအနေမျိုးအဖြစ် သဘာမထားနိုင်ဘူးလို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိစ် ကွန်ဒိုလီဇာ ရိုက်စ်က ရှင်းရှင်းလင်းလင်း ပြောထားပါတယ်။ မြန်မာနိုင်ငံမှာ ပြဿနာတွေ ငြိမ်းချမ်းစွာ ပြေလည်ရေးအတွက် ကုလသမဂ္ဂရဲ့ အဖွဲ့အစည်းအားလုံး ပါဝင်ပြီး ဆက်လက် ဆွေးနွေးအဖြေရှာမှု ပေါ်ထွန်းအောင် အမေရိကန် ပြည်ထောင်စုက ကြိုးပမ်းနေပါတယ်။ ဒီလို ပေါ်ထွန်းဖို့အတွက် ဒေသတွင်း အာဆီယံအဖွဲ့ထဲက မဟာမိတ်တွေနဲ့ ဒေသအပြင်ဘက်က မဟာမိတ်တွေနဲ့လည်း ပူးပေါင်း ဆောင်ရွက်လိုပါတယ်။

မြန်မာအရေး လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး အမေရိကန်ပြည်ထောင်စုက ဦးဆောင် တင်သွင်းတဲ့ ဆုံးဖြတ်ချက်ကို တရုတ်နဲ့ ရုရှားနိုင်ငံတို့က ဇန်နဝါရီ ၁၂ ရက်က ဗီတိုအာဏာ ပြိုင်တူသုံးပြီး ပယ်ချခဲ့ကြပေမဲ့ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာ့အရေး ဖြေရှင်းရေး အားထုတ်မှုတွေကို လက်လျှော့မှာ မဟုတ်ဘူးလို့ မစ္စတာ လိုဝင်ခရွန်က ပြောပါတယ်။

တရုတ်အပါအဝင်၊ မြန်မာ့အရေး လုံခြုံရေးကောင်စီတင် ဖြေရှင်းတာကို ဆန့်ကျင်တဲ့ နိုင်ငံတွေက မြန်မာ့ကိစ္စဟာ ဒေသတွင်းနဲ့ နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်မှု မရှိကြောင်း၊ မြန်မာ့ပြဿနာကို ကုလသမဂ္ဂ လူ့အခွင့်ရေးကောင်စီမှာသာ ဆွေးနွေးဖြေရှင်းသင့်ကြောင်း စောဒက တက်ခဲ့ကြပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ အသစ်ဖွဲ့စည်းထားတဲ့ လူ့အခွင့်အရေးကောင်စီမှာ မပါဝင်ပေမဲ့ လူ့အခွင့်အရေး ကောင်စီ ဘောင်အတွင်းကလည်း မြန်မာ့အရေးကို တင်သွင်း ဆွေးနွေးသွားဖို့ မဟာမိတ်တွေနဲ့

ညှိနှိုင်းတိုင်ပင်နေတယ်လို့ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လိုဝင်ခရွန်ကပြောဆိုပါတယ်။

မြန်မာ့အရေးနဲ့ ပတ်သက်လို့ မြောက်ကိုရီးယား ပြဿနာ ဖြေရှင်းသလို ၆ နိုင်ငံ ဆွေးနွေးပွဲမျိုး၊ နှစ်နိုင်ငံချင်း သီးခြားဆွေးနွေးပွဲမျိုး လုပ်ဖို့ရော လိုအပ်မယ် ထင်ပါသလားလို့ RFA က မေးမြန်းရာမှာတော့ မစ္စတာ ဘယ်ရီ လိုဝင်ခရွန်က တစုံတရာ မှတ်ချက်ပေး ဖြေဆိုဖို့ ငြင်းဆန်သွားပါတယ်။

အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးကို RFA က သီးသန့် တွေ့ဆုံမေးမြန်းပြီး တင်ဆက်ခဲ့တာ ဖြစ်ပါတယ်။ တကယ်တော့ မစ္စတာ ဘယ်ရီ လိုဝင်ခရွန်ဟာ မြန်မာ့အရေး အလွန်စိတ်ဝင်စားမှု ထက်သန်တဲ့ နိုင်ငံခြားရေးဌာန အဆင့်မြင့် အရာရှိကြီးတဦး ဖြစ်ပါတယ်။

သတင်းများ

- မနီးသော အကယ်ဒမီခရီး ဇာတ်ပို့ဇာတ်ရံများ ညည်း
- အီးယူကိုယ်စားလှယ်အဖွဲ့ အပစ်အခတ်ရပ် လူမျိုးစုအဖွဲ့များနှင့် တွေ့ဆုံ
- ကြက်ငှက်တုပ်ကွေး ကျီးကန်းနှင့် စာကလေး တရားခံဖြစ်ရပြန်
- မြန်မာနိုင်ငံအပေါ် အမေရိကန် သဘောထား RFAသို့ ပြောကြား
- လူထုဆန္ဒပြပွဲပါဝင်ခဲ့သူများကို မျက်စိဒေါက်ထောက် စောင့်ကြည့်
- ရန်ကုန်မြို့တွင် ကြက်ငှက်တုပ်ကွေး ဖြစ်ပွား
- ရေကာတာစီမံကိန်း ကန့်ကွက်ဆန္ဒပြပွဲများ ကမ္ဘာ့နိုင်ငံကြီးများမှာ ဆင်ဆွဲ
- နအဖ၊ ILO သဘောတူညီချက်နဲ့ မစုစုနွေး
- သတင်းမှတ်တမ်းရုပ်ရှင်ပွဲတော်တွင် မြန်မာနှင့်ပတ်သက်သော ရုပ်ရှင်ပါဝင်
- မြန်မာနဲ့ ဆူဒန်တွင် စစ်တပ်ကျူးလွန်သော မုဒိမ်းမှုများ ဆွေးနွေးပွဲ
- အပြည့်အစုံဖတ်ရန်

- မိတ်ဆွေသို့ အီးမေးလ်ပို့ရန်

- သတင်းလွှာ

Radio Free Asia
2025 M Street NW, Suite 300, Washington DC 20036, USA
202-530-4900 | burweb@rfa.org | RFA Jobs

© 2005 Radio Free Asia